Message Eleven

## ဇေရ၏အမှုတော်နှင့် နေဟမိ၏ ခေါင်းဆောင်မှုအရာ၏ ပင်ကိုမူလပုံဆောင်ချက် - ယေရုရှလင်မြို့သစ်ကို အသက်ရှင်ထွက်ခြင်းနှင့် လုပ်ဆောင်ဖြစ်ပေါ်စေခြင်းအားဖြင့် ဘုရားသခင်၏အိမ်တော်နှင့် ဘုရားသခင်၏နိုင်ငံတော်အဖြစ် အသင်းတော်ကို တည်ဆောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၂၁း၂၊ ၉-၁၁၊ ၁၈။ ၂၂း၁

**I. ဇေရ၏အမှုတော် ပင်ကိုမူလပုံဆောင်ချက်သည် *စင်ကြယ်စေခြင်း၊ ပညာသင်ပေးခြင်း*နှင့် *ပြန်လည်စေ့စပ်ထုံးဖွဲ့ခြင်း* ဟူသော စကားလုံးများ၌ ထင်ရှားဖော်ပြထားသည်။ နေဟမိ၏ခေါင်းဆောင်မှုအရာ ပင်ကိုမူလပုံဆောင်ချက်မှာ *ခွဲခြားပေးခြင်း၊ ကာကွယ်ပေးခြင်း*နှင့် *ထင်ရှားခြင်း* ဟူသောစကားလုံးများ၌ ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် ဤပင်ကိုမူလပုံဆောင်ချက်အတိုင်း ယေရုရှလင်မြို့သစ်ကို အသက်ရှင်ထွက်ခြင်းနှင့် လုပ်ဆောင်ဖြစ်ပေါ်စေခြင်းအားဖြင့် ဘုရားသခင်၏ အိမ်တော်နှင့် ဘုရားသခင်၏နိုင်ငံတော်အဖြစ် အသင်းတော်ကို တည်ဆောက်ရန် ကိုယ်တော်၏ကောင်းကင်ဆိုင်ရာအမှုတော်၌ သခင်ဘုရားနှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည် - ၁ဘုရင်၊၈း၄၈။ ဆာ၊၄၈း၁-၂။ ၁တိ၊၃း၁၅။ ဧ၊၂း၂၁-၂၂။**

**II. ခေတ်ကာလ၏အမှုတော်၌ ခေတ်ကာလ၏ရူပါရုံအတိုင်း ဘုရားသခင်ကို အသက်ရှင်ခြင်းနှင့် အစေခံခြင်းမှာ ယေရုရှလင်မြို့သစ်ကို အသက်ရှင်ထွက်ခြင်းနှင့် လုပ်ဆောင်ဖြစ်ပေါ်စေခြင်းဖြစ်သည်။ "မြို့ရိုးကိုယ်သည် ဂျက်စပါကျောက်ဖြစ်၏။ မြို့သည်လည်း ကြည်လင်သော ဖန်နှင့်တူသော ရွှေစင်ဖြစ်၏"-ဗျာ၊၂၁း၁၈။ တ၊၂၆း၁၉။ ၂၂း၁၅။ ဗျာ၊၂၁း၂၊ ၉-၁၁။**

A. မြို့သည် ကြည်လင်သောဖန်ကဲ့သို့ ရွှေစင်ဖြစ်ခြင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏သန့်ရှင်းသော သဘောသဘာဝ၌ ဘုရားသခင်ဖြင့် *စင်ကြယ်စေခြင်း* ခံရန်နှင့် ကျွန်ုပ်တို့၏အသိဉာဏ်သို့ သမ္မာကျမ်းစာ သွန်သင်ခြင်းများယူဆောင်ခြင်းအားဖြင့် *ပညာသင်ကြားခြင်း* မှတစ်ဆင့် အလင်းထွန်းလင်းပေးခြင်း ခံရန် လိုအပ်သည်၊ ယင်းသည် ဘုရားသခင်၏ စဉ်းစားခြင်းများ၊ ဆင်ခြင်တွေးတောမှုများနှင့် နည်းလမ်းများဖြင့် ကျွန်ုပ်တို့၏အသိဉာဏ်ကို ရှင်းလင်းစေရန် အသစ်ပြုပြင်ခြင်းနှင့် အလင်းပေးခြင်းအတွက် ဖြစ်သည် - ညွှန်း၊ မ၊၅း၈။ ဧ၊၄း၂၃။ ယော၊၁၇း၁၇။

B. "တည်ဆောက်ခြင်းအလုပ်" သည် ကျွန်ုပ်တို့ကို သုံးပါးတစ်ပါးဘုရားဖြင့် *ပြန်လည်စေ့စပ်ထုံးခြင်း* အတွက် ဘုရားသခင်၏ တုနှိုင်းရာမဲ့အလုပ်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ဖြင့် ပြန်လည်တည်ဆောက်ခံကာ၊ ကိုယ်တော်ကို အခြားသူများထံ အမှုဆောင်၍၊ ကိုယ်တော်သည် သူတို့ဖြစ်ခြင်းအထဲသို့ မိမိကိုယ်တော်တိုင် တည်ဆောက်ခြင်းဖြင့် သူတို့ဖြစ်ခြင်းကို ယေရုရှလင်မြို့သစ်၌ ရှိစေနိုင်မည် ဖြစ်သည် - ၁ကော၊၃း၉၊ ၁၂။ ဧ၊၃း၁၆-၁၉။ ဗျာ၊၃း၁၂။ သီ၊၆း၄။ ဟေဗြဲ၊၁၁း၁၀။

C. မြို့ရိုးနှင့်အတူ မြို့တော်သည် ဘုရားသခင်၏ ထာဝရနိုင်ငံတော်အဖြစ် ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ဦးခေါင်းအရိုက်အရာအောက်တွင်ရှိပြီး၊ ယင်းမှာ ဘုရားသခင့်လူများ၏ *ခွဲခြားခံရခြင်း* နှင့် ဘုရားသခင့်စိတ်ဝင်စားမှုများ၏ *အကာအကွယ်ဖြစ်ခြင်း* အတွက် ဖြစ်သည် - နေ၊၄း၁၇။ ဧ၊၅း၂၆။

D. မြို့ရိုးသည် ဂျက်စပါကျောက် (ကြွယ်ဝခြင်းရှိသော ဘုရားသခင့်အသက်) ဖြစ်ခြင်းနှင့် မြို့တော်သည် ရွှေ (ဘုရားသခင့်သဘောသဘာဝ) ဖြစ်ခြင်းမှာ ဘုရားသခင်၏ထာဝရစီမံကိန်းသည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ တုနှိုင်းရာမဲ့ *ထင်ရှားခြင်း* အတွက် ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ကိုယ်တော်နှင့် တူညီစေရန်ဖြစ်ကြောင်း ဖွင့်ပြနေသည် - က၊၁း၂၆။ ယော၊၁၀း၁၀ခ။ ၂ပေ၊၁း၄။ ဗျာ၊၄း၃။ ၂၁း၁၀-၁၁၊ ၁၈။

**III. ယေရုရှလင်မြို့သစ်ကို အသက်ရှင်ထွက်ခြင်းနှင့် လုပ်ဆောင်ဖြစ်ပေါ်စေခြင်းမှာ ဇေရ၏အမှုတော်နှင့် နေဟမိ၏ ခေါင်းဆောင်မှုအရာ၏ ပင်ကိုမူလပုံဆောင်ချက်၌ အသက်ရှင်ခြင်းနှင့် အစေခံခြင်းဖြစ်သည်။**

A. ကျွန်ုပ်တို့သည် ရောနှောခြင်းအားလုံးမှ စင်ကြယ်ခံရခြင်းဖြစ်စဉ်၌ နေထိုင်ကာ၊ သခင်ဘုရားနှင့် ကိုယ်တော်၏ထာဝရစီမံကိန်း အကျိုးအမြတ်ကို ကျွန်ုပ်တို့၏တုနှိုင်းရာမဲ့ပန်းတိုင်အဖြစ် ယူဆောင်ခြင်းရှိရန် လိုအပ်သည် - ဧ၊၉း၂။ မ၊၅း၈။ ၁တိ၊၃း၉။ ၂ကော၊၆း၄က၊ ၆။ လု၊၉း၅၄-၅၅။ ဟေဗြဲ၊၄း၁၂။ ၁ဘုရင်၊၈း၄၈။

1. ကျွန်ုပ်တို့သည် ဘုရားသခင်၏အလင်းပေးခြင်း၊ ဖော်ထုတ်ပေးခြင်းနှင့် တရားစီရင်ခြင်းဖြင့်လည်းကောင်း၊ ကားတိုင်၏ အဆုံးသတ်ပေးခြင်းနှင့် အဆုံးစီရင်ပေးခြင်းဖြင့်လည်းကောင်း၊ အသွေးတော်၏ သန့်စင်ပေးခြင်းနှင့် ဆေးကြောခြင်းဖြင့်လည်းကောင်း၊ ဝိညာဉ်တော်၏ စီးဆင်းခြင်းနှင့် ပျော်ဝင်ပြည့်ဝခြင်းဖြင့်လည်းကောင်း စင်ကြယ်ခံရနိုင်ခြင်းဖြစ်သည် - ဆာ၊၁၃၉း၂၃-၂၄။ ၅၁း၇၊ ၁၀။ ဗျာ၊၂၂း၁။
2. ကျွန်ုပ်တို့သည် ဘုရားသခင်၏စင်ကြယ်သော နှုတ်ကပတ်တော်ရှိ အသက်ရေ၏ ဆေးကြောပေးခြင်းဖြစ်စဉ်အားဖြင့် စင်ကြယ်ခံရနိုင်ခြင်းဖြစ်သည်။ လူတစ်ဦးသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ရှိလေလေ၊ သူသည် စင်ကြယ်ခြင်း ရှိလာလေလေဖြစ်သည် - ဆာ၊၁၂း၆။ ၁၁၉း၉၊ ၁၄၀။ ဧ၊၅း၂၆။ ဟေရှာ၊၅၅း၈-၁၁။
3. ဝတ်ပြုရာ ၁၉း၁၉ တွင် ဘုရားသခင်က အရာခပ်သိမ်းကို ၎င်းတို့၏အမျိုးအစားအလိုက်၊ မည်သည့်ရောနှောမှုမှမပါဘဲ ရှိစေလိုကြောင်း ဖွင့်ပြထားသည် - ဗျာ၊ ၁၇း၃-၆။ တရား၊၂၂း၅၊ ၉-၁၁။ ညွှန်း၊ က၊၁း၁၁၊ ၂၁၊ ၂၄-၂၆။ ၂း၇-၉။
   a. ရောနှောမှုမပါဘဲ တိရစ္ဆာန်သားဖောက်ပေးခြင်းမှာ အသက်သည် ရောနှောခြင်းရှိရန် ခွင့်မပြုထားကြောင်း ပုံဆောင်သည်။ ဘုရားသခင်၏အသက်အားဖြင့် အသက်ရှင်သောသူတို့သည် အသွေးအသားအားဖြင့် အသက်မရှင်ရပေ - ညွှန်း၊ ဂလ၊၅း၁၆။
   b. ရောနှောမှုမပါဘဲ မျိုးစေ့ကို ကြဲခြင်းမှာ နှုတ်ကပတ်တော်၏အမှုတော်၌ မျိုးစေ့တစ်မျိုးတည်း၊ သွန်သင်ခြင်းတစ်မျိုးတည်းကိုသာ မျိုးကြဲရမည် - ယင်းမှာ ဘုရားသခင့်ထာဝရစီမံကိန်း၏ တုနှိုင်းရာမဲ့ သွန်သင်ခြင်းဖြစ်ကြောင်း ပုံဆောင်သည် - တရား၊၂၂း၉။ ၁တိ၊၁း၃-၄။ ၆း၃။
   c. ရောနှောသည့်အထည်များမပါဘဲ အဝတ်ကို ရက်လုပ်ခြင်းမှာ ကျွန်ုပ်တို့၏အပြုအမူသည် ရောနှောမှုရှိရန် အခွင့်မပေးထားကြောင်း ရည်ညွှန်းသည်။ ဓမ္မသစ်၏အသက်တာ၌ အသက်ရှင်သောသူတို့သည် ဓမ္မဟောင်း၏ ဝိနည်းအထုံးအဖွဲ့များအားဖြင့် အသက်မရှင်သင့်ပေ (ဂလ၊၂း၁၉-၂၀။ ၅း၁-၆)၊ သခင်ဘုရားပိုင်ဆိုင်ခံရသောသူတို့သည် တစ်ပါးအမျိုးသားတို့၏ ထုံးတမ်းစဉ်လာအတိုင်း အသက်မရှင်သင့်ပေ (ဝတ်၊၂၀း၂၃။ ၁ဧး၃။ ညွှန်း၊ ဧ၄း၁၇။ ရော၊ ၁၂း၂က)။
4. ၁ပေတရု ၁း၂၂ တွင် "ချစ်ယောင်မဆောင်သော ညီအစ်ကိုချင်းမေတ္တာရှိစေခြင်းငှာ သမ္မာတရားကို နာခံခြင်းအားဖြင့် သင်တို့၏စိတ်များသည် စင်ကြယ်စေပြီးသည်နှင့်အညီ၊ စင်ကြယ်သောစိတ်နှလုံးနှင့် အချင်းချင်း အားကြီးသော ချစ်ခြင်းမေတ္တာ ရှိကြလော့" ဟုပြောထားသည်။
   a. ဤသည်မှာ ကျွန်ုပ်တို့၏စိတ် (ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒ) ကို စင်ကြယ်ခံရခြင်းသည် ဘုရားသခင်မှလွဲ၍ အခြားအရာအားလုံးမှ လွတ်မြောက်ကာ၊ တစ်ခုတည်းသောရည်ရွယ်ရာပုဂ္ဂိုလ်နှင့် တုနှိုင်းရာမဲ့ပန်းတိုင်အဖြစ် ဘုရားသခင်အပေါ် စွဲမြဲနေရန် ဆိုလိုခြင်းဖြစ်သည် (၁ကော၊၂း၉-၁၀။ ၂သက်၊၃း၅)။ ကျွန်ုပ်တို့သည် ခရစ်တော်၌ ကျွန်ုပ်တို့ယုံကြည်ခြင်း၏ သမ္မာတရား၊ ပါဝင်သောရာနှင့် စစ်မှန်ခြင်း (၂တိ၊၄း၇။ တိတု၊၁း၁) ကို နာခံမည်ဆိုလျှင် ကျွန်ုပ်တို့၏စိတ်တစ်ခုလုံးသည် ဘုရားသခင်အပေါ် အာရုံစူးစိုက်ကာ၊ ဘုရားသခင်မှလွဲ၍ အခြားအရာအားလုံးမှ စင်ကြယ်ခံရလိမ့်မည်ဖြစ်သည်။
   b. ကျွန်ုပ်တို့၏စိတ်များကို စင်ကြယ်စေခြင်းက ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို ဘုရားသခင်အပေါ် အာရုံစူးစိုက်ခြင်းရှိစေပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့က ကိုယ်တော်ကို ကျွန်ုပ်တို့စိတ်နှလုံးရှိသမျှ၊ စိတ်ရှိသမျှ၊ အသိဉာဏ်ရှိသမျှဖြင့် ချစ်ကြသောကြောင့် (မာ၊၁၂း၃၀)၊ ထိုသို့သော စင်ကြယ်စေခြင်းသည် ပရိယာယ်ကင်းသော ညီအစ်ကိုချင်းချစ်ခြင်းမေတ္တာ၊ ဘုရားသခင်ချစ်တော်မူသောသူတို့ကို စိတ်နှလုံးမှ စိတ်ထက်သန်စွာ ချစ်သောမေတ္တာကို ထွက်ပေါ်လာစေသည် (ယော၊၁၃း၅၊ ၁၄-၁၇၊ ၃၄-၃၅။ ၂ပေ၊၁း၅၊ ၇။ ရော၊၁၂း၉-၁၁။ ၂တိ၊၁း၆-၇။ ၁သက်၊၃း၁၂။ ၄း၉-၁၀။ ဟေဗြဲ၊၁၃း၁။ ၁ယော၊၂း၅-၈။ ၃း၁၁၊ ၂၃။ ၄း၇-၈၊ ၁၆-၂၁)။

B. ကျွန်ုပ်တို့သည် အခြားသူများကို ဘုရားသခင်၏သက်သေခံချက်၊ ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအတွက် သမ္မာတရားဖြင့် ပညာပေးရန် ပညာသင်ကြားခံဖို့ လိုအပ်သည် - ၂တိ၊၂း၂။ ၁တိ၊၃း၁၅-၁၆။ ၆း၃။

1. သန့်ရှင်းသောမြို့တော် ယေရုရှလင်မြို့သစ်၏ တိုက်မြစ်တစ်ဆယ့်နှစ်ထပ်သည် သိုးသငယ်၏ တမန်တော်တစ်ဆယ့်နှစ်ပါး၏အမည်ကို ရေးထိုးထားခြင်းမှာ ယေရုရှလင်မြို့သစ်သည် ဘုရားသခင့်စီမံကိန်း၏ ကျန်းမာစေသော သွန်သင်ခြင်းဖြစ်သည့် တမန်တော်များ၏ သွန်သင်ခြင်းအတိုင်း တည်ဆောက်ထားကြောင်း ညွှန်ပြနေသည် - ဗျာ၊၂၁း၁၄။ တ၊၂း၄၂။ ၂တိ၊၁း၁၅။ တိတု၊၁း၉။ ၂တိ၊၂း၂။
2. ဇေရသည် ဘုရားသခင်၏စီမံကိန်းနှင့် ချိတ်ဆက်ထားသော ဘုရားသခင်၏ ပညတ်တရား၌ ကျွမ်းကျင်လိမ္မာသည်။ ပညတ်တရားသည် ဘုရားသခင်၏နှုတ်ကပတ်တော်၊ ဘုရားသခင်၏သက်သေခံချက်၊ ဘုရားသခင်၏ပုံတူ၊ ဘုရားသခင်၏ထင်ရှားခြင်းအဖြစ် ခရစ်တော်၏ပုံဆောင်ချက်ဖြစ်သည် - ထွ၊၁၆း၃၄။ ၃၄း၂၈။ ညွှန်း၊ ဗျာ၊၁း၂။
3. ရေးသားထားသော နှုတ်ကပတ်တော်၌ အသက်ရှင်သော နှုတ်ကပတ်တော်အဖြစ် ခရစ်တော်ထံ လာခြင်းအားဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့ ယေရှု၏သက်သေခံချက်ဖြစ်လာရန် ကိုယ်တော်ဖြင့် ဖြည့်သွင်းခံရခြင်းအတွက် ယူဆောင်လျှောက်လှမ်းသည့် စကားတော်ဖြစ်လာသည် - ယော၊၁း၁။ ဗျာ၊၁၉း၁၃။ ယော၊၅း၃၉-၄၀။ ဖိ၊၆၃။ ဗျာ၊၁း၂၊ ၁၀-၁၁။
4. ဘုရားသခင့်စီမံကိန်း၏ သွန်သင်ခြင်း တုနှိုင်းရာမဲ့အမှုတော်၌ တည်မြဲနေခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသက်၏အလင်းဖြင့် ပြည့်ဝခြင်းရှိရန် နှုတ်ကပတ်တော်၏ ပင်ကိုမူလပုံဆောင်ချက်ကို နားလည်သဘောပေါက်နိုင်မည်ဖြစ်သည် - နေ၊၈း၈၊ ၁၃။ မ၊၄း၁၂-၁၆။ ယော၊၁း၄-၅။
5. ကျွန်ုပ်တို့သည် ဘာသာစကားအသစ်၊ "ယုဒဘာသာစကား"ကို အသစ်သောယဉ်ကျေးမှုဖြစ်သည့် လူသစ်၏ ဘုရား-လူယဉ်ကျေးမှု၌ အသုံးပြုရန် သင်ယူရမည်ဖြစ်သည် - နေ၊၁၃း၂၃-၂၄။

C. ကျွန်ုပ်တို့သည် ကျေးဇူးတော်ဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရန် လိုအပ်သည်၊ ထိုကျေးဇူးတော်သည် ကျွန်ုပ်တို့ထံ အသက်နှင့်အရာခပ်သိမ်းဖြစ်လာသည့် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရား ဖြစ်သည် - ၁ပေ၊၅း၁၀။ ၂ကော၊၁၃း၁၄။ ဟေဗြဲ၊၁၀း၂၉။

1. တမန်တော်တစ်ဆယ့်နှစ်ပါးသည် ဓမ္မသစ်၏ကျေးဇူးတော်ကို ကိုယ်စားပြုသည်၊ ယင်းမှာ ကျေးဇူးတော်သည် ယေရုရှလင်မြို့သစ်ကို ထုတ်လုပ်ခြင်းအတွက် အရင်းအမြစ်၊ ဒြပ်သဘာဝနှင့် နည်းလမ်းဖြစ်ကြောင်း ပုံဆောင်သည် - ဗျာ၊၂၁း၁၄။
2. ကျွန်ုပ်တို့သည် ကျေးဇူးတော်အပေါ်ထပ်ဆင့် ကျေးဇူးတော်ဖြင့် စေ့စပ်ထုံးဖွဲ့ခြင်း၊ ကျေးဇူးတော်အားဖြင့် အားထုတ်လုပ်ဆောင်ခြင်း၊ ကျေးဇူးတော်ကို ဝေငှဖြန့်ဖြူးခြင်း၊ ကျေးဇူးတော်စကားကို အမှုဆောင်ခြင်းရှိရန် လိုအပ်သည် - ယော၊၁း၁၆။ ၁ကော၊၁၅း၁၀။ ၁ပေ၊၄း၁၀။ တ၊၂၀း၃၂။
3. ယေရုရှလင်မြို့သစ်သည် ဘုရားသခင်က မိမိကိုယ်တော်တိုင် လူအထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းဖြင့် လူကို ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ကိုယ်တော်နှင့် တူညီလာစေခြင်းအားဖြင့် တည်ဆောက်ခြင်းဖြစ်သည်၊ သို့မှသာ ဘုရားနှင့်လူသည် စုပေါင်းထားသောထုံးဖွဲ့မှုဖြစ်လာကာ၊ အပြန်အလှန်ကိန်းဝပ်ရာ ဖြစ်လာမည်ဖြစ်သည် - ဗျာ၊၂၁း၂-၃၊ ၁၀-၁၁၊ ၁၈-၂၂။
4. ကျွန်ုပ်တို့သည် တစ်ခုတည်းသောအလုပ်ဖြစ်သည့် ယေရုရှလင်မြို့သစ်၏အလုပ်ကိုသာ လုပ်ဆောင်သင့်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွင်းပိုင်း ပြုပြင်လုပ်ဆောင်ပေးနေသည့် ဘုရားသခင်နှင့်အတူ တစ်လုံးတစ်ဝဖြစ်ရန် လိုအပ်သည်၊ ကိုယ်တော်သည် သူ၏ရွေးချယ်ခံလူများအား ကိုယ်တော်၏ ရှင်သန်သောကယ်တင်ခြင်း၏ အဓိကအဆင့်များ - အသစ်မွေးဖွားခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ အသစ်ပြုပြင်ခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်းနှင့် သဏ္ဌာန်တော်နှင့် တူညီလာခြင်း အဆင့်များမှတစ်ဆင့် ဘုန်းထင်ရှားခြင်းသို့တိုင် ခေါ်ဆောင်ရန် လုပ်ဆောင်နေသည်။
5. ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းကာ၊ ကျွန်ုပ်တို့တူညီလာခြင်းရှိရာ အမြင့်ဆုံးအဆင့်သို့ တက်သွားကြသည်။ ထိုနေရာမှာ အသွေးအသားမရှိတော့၊ ဇာတိဖြစ်ခြင်းမရှိတော့ပါ။ အားလုံးသည် ဝိညာဉ်၌ရှိကြကာ အားလုံးသည် ယေရုရှလင်မြို့သစ်၏ဖြစ်ခြင်း ဖြစ်ကြသည်။ ဤအရာသည် ဘုရားသခင့်အလုပ်၏ အမြင့်ဆုံးအချက်

ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏လုပ်ဖော်ဆောင်ဖက်များဖြစ်ကြသည် - ယော၊၅း၁၇။ ဖိ၊၂း၁၃။ ဗျာ၊၄း၃။ ၂၁း၁၁။ ၁ကော၊၃း၉၊ ၁၂။ ၂ကော၊၆း၁။ ၁သက်၊၃း၂။

6. "အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားသည် အလိုတော်၏ ကောင်းသောကျေနပ်အားရရာအတိုင်း၊ ကိုယ်တော်၏စီမံကိန်း၌ အမြင့်ဆုံးမား ဆုံးရည်ရွယ်ချက်အတွက် မိမိကိုယ်တော်တိုင်ကို သူ၏ရွေးချယ်လူများအထဲသို့၊ ကိုယ်တော်၏ရွေးချယ်ခံလူများကို ကိုယ်တော်ကိုယ်တိုင်အထဲသို့ တည်ဆောက်နေသည်၊ ထိုသို့ဖြင့် ကိုယ်တော်သည် ကိုယ်တော်၏ ရှင်သန်သောထုံးဖွဲ့မှုဖြစ်ရန် ဘုရားဇာတိနှင့် လူသားဇာတိ ရောနှောပေါင်းစည်းခြင်းအဖြစ် ခရစ်တော်၌ စေ့စပ်ထုံးဖွဲ့မှုကို ရရှိကာ၊ ကိုယ်တော်၏ထာဝရထင်ရှားခြင်းနှင့် ရွေးနုတ်သောဘုရားသခင်နှင့် ရွေးနုတ်ခံလူတို့အတွက် အပြန်အလှန်ကိန်းဝပ်ရာအဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ရရှိမည်ဖြစ်သည်။ ဤအံ့သြဖွယ်သော ဖိုးထိုက်ဘဏ္ဍာတည်ဆောက်မှု၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းမှာ ထာဝရကာလအတွက် ယေရုရှလင်မြို့သစ်ဖြစ်လိမ့်မည်ဖြစ်သည်"—Witness Lee.

D. ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အပြည့်အဝ ပျော်ဝင်ပြည့်ဝရန် ဘုရားသခင်ထံသို့ အပြည့်အဝခွဲခြားခံရန်၊ ကျွန်ုပ်တို့ကို သန့်ရှင်းသောမြို့တော်ဖြစ်စေဖို့ အသင်းတော်အသက်တာအတွက် သန့်ရှင်းသောအသက်တာကို အသက်ရှင်ရန် လိုအပ်သည် - ဗျာ၊၂၁း၂။ ၂ပေ၊၁း၄။

1. အသိဉာဏ်ကို အသစ်ပြုပြင်ခြင်းနှင့် ဖြစ်ပေါ်လာသည့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းက ကျွန်ုပ်တို့ကို လောကဒြပ်သဘာဝဖြင့် ပျော်ဝင်နစ်မြုပ်နေသည့် ကျွန်ုပ်တို့၏သဘောသဘာဝနှင့် အသက်ရှင်ခြင်းမှ ခွဲခြားပေးကာ၊ ကယ်တင်ပေးသည် - ဗျာ၊၂၁း၁၂က။ ရော၊၈း၅-၆။ ၁၂း၂၊ ၅-၁၁။ ဧ၊၄း၂၃။

2. ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ရှင်ခြင်းနှင့် ခရစ်တော်ကို ဝှက်ထားသောမန္နအဖြစ် စားသုံးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ တည်ဆောက်ခြင်းဖြစ်လာရန် လောကကို အောင်မြင်နိုင်ကြသည် - ၁ယော၊၅း၄၊ ၁၈-၁၉၊ ၂၁။ ဗျာ၊၂း၁၂-၁၇။ ညွှန်း၊ ယော၊၁၄း၃၀။

3. ကျွန်ုပ်တို့သည် ဗာဗုလုန်၏ ရုပ်တုပြည့်နှက်နေသော လောကမှ အပြည့်အဝခွဲခြားခံရန် လိုအပ်သည်၊ ၎င်းကို လောဘလွန်ကျူးခြင်း၊ လှည့်ဖြားခြင်းနှင့် ငွေကိုချစ်ခြင်းတို့ပါဝင်နေသည့် စီးပွားရေး သို့မဟုတ် ကုန်သွယ်ရေး၏ ကောက်ကျစ်မှုအားဖြင့် သရုပ်ဖော်ပြထားသည်။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာသည် ငွေကိုချစ်ခြင်းမပါဘဲ ဖြစ်သင့်ပြီး၊ ကျွန်ုပ်တို့၏ခရစ်ယာန်အလုပ်သည် ငွေရှာသည့် ကုန်သွယ်မှု မဖြစ်သင့်ပေ - ဇာ၊၅း၅-၁၁။ ၁တိ၊၃း၃၊ ၈။ ၆း၅-၁၀။ တ၊ ၁၁း၂၉-၃၀။ ၂၀း၃၃-၃၄။ ၂တိ၊၃း၂-၄။ ဟေဗြဲ၊၁၃း၅။ ၂ကော၊၂း၁၇။ ၁၂း၁၅။ ညွှန်း၊ ၂ဘုရင်၊၅း၁၅-၂၇။

   a. စာတန်သည် စီးပွားရေးသမား၊ ကုန်သည်ဖြစ်ပြီး၊ သူ၏စဉ်းစားမှုသည် သူ၏ကုန်သွယ်မှုဆိုင်ရာ အလေ့အလာအတိုင်းဖြစ်ကာ၊ ယင်းသည် လူကို ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ အကြံအစည်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်သည် - ယေဇ၊၂၈း၁၆၊ ၁၈။ ယောဘ၊၁း၉။ ညွှန်း၊ ဖိ၊၃း၇-၈။ က၊၁း၂၆။

   b. ဗာဗုလုန်မှ ရောင်းချသည့် ကုန်ပစ္စည်းမှ ပထမတစ်ခုမှာ ရွှေဖြစ်ပြီး၊ နောက်ဆုံးတစ်ခုမှာ လူတို့၏စိတ်များဖြစ်သည်။ *လူတို့၏စိတ်များ* သည် အလုပ်အကိုင်အတွက် မိမိတို့ကိုယ်ကို ရောင်းချသည့် လူများကို ရည်ညွှန်းသည် - ဗျာ၊၁၈း၁၂-၁၃။ ညွှန်း၊ ၂ပေ၊၂း၃၊ ၁၅။

   c. ဤသည်မှာ ရောက်လာမည့် ဗာဗုလုန်ကိုသာ ဖော်ပြခြင်းမဟုတ်ဘဲ၊ ယနေ့ လောကကိုလည်း ဖော်ပြခြင်းဖြစ်သည်။ လူတို့သည် သူတို့၏အလုပ်အကိုင်သို့ သူတို့၏ စိတ်၊ သူတို့၏ အသက်၊ ယင်းမှာ သူတို့ကိုယ်ကို ရောင်းချကြပြီး၊ ဘုရားသခင်နှင့် သူတို့၏လမ်းဆုံးပန်းတိုင်ကိုပင် လျစ်လျူရှုထားကြသည် - ညွှန်း၊ လု၊၁၂း၁၃-၂၁။

   d. ဘုရားသခင်၏ အုပ်စိုးစီမံမှုက အစ္စရေးလူမျိုးများ သူတို့ဖမ်းဆီးသိမ်းသွားခံရာ၌ ဗာဗုလုန်ပြည်သားများထံမှ သင်ယူလာခဲ့ကြသည့် စီးပွားရေး၌ရှိသော ကောက်ကျစ်မှုကို ဗာဗုလုန်ပြည် (ရှိနာပြည်) သို့ ပြန်သွားစေလိမ့်မည်ဖြစ်သည် - ဇာ၊၅း၁၀-၁၁။ က၊၁၁း၂၊ ၉။

E. ကျွန်ုပ်တို့သည် ဘုရားသခင်၏အိမ်တော်ဖြစ်သော အသင်းတော်ကို ကာကွယ်ရန် မြို့ရိုးကို တည်ဆောက်ရန် လိုအပ်သည်။

1. ကျွန်ုပ်တို့သည် အောင်မြင်သော သိုးသငယ်၏ အသွေးတော်ဖြင့် မြို့ရိုးကို တည်ဆောက်နိုင်သည်၊ ယင်းသည် ကျွန်ုပ်တို့၏နောင်တရခြင်း၊ အပြစ်များကို ဝန်ချတောင်းပန်ခြင်းနှင့် ကိုယ်တော်၏စစ်ထုတ်စင်ကြယ်ပေးခြင်းအတွက် ဘုရားသခင်ထံ တောင်းလျှောက်ခြင်းတို့အားဖြင့် ကျွန်ုပ်တို့ယူဆောင်ကြသည် - ဗျာ၊၁၂း၁၁။ ဆာ၊၅၁း၁၈။
2. ကျွန်ုပ်တို့သည် တုန့်ရှိုးရာမဲ့ ဓမ္မသစ်အမှုတော်၏ တံပိုးတစ်လုံးကို တီးမှုတ်ခြင်းအားဖြင့် ဘုရားသခင်၏ သိုးတော်စုကို ထိန်းကျောင်းရမည်၊ သူတို့ကို သခင်ဘုရား၏ ကာကွယ်ပေးသော သတိပေးချက်နှင့် ကျန်းမာစေသော သွန်သင်ခြင်းဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပြည့်စုံစေရန် ဘုရားသခင်၏ အကြံဉာဏ်တော်အားလုံးကို ကြေညာပေးရမည်ဖြစ်သည်၊ သို့မှသာ သူတို့သည် ခရစ်တော်၌ ပြည့်ဝစွာ ကြီးရင့်ခြင်းရှိနိုင်မည်ဖြစ်သည် - ၁ကော၊၁၄း၈။ ဧ၊၄း၁၁။ တ၊၂၀း၂၆-၃၅။ ယေဇ၊၃၃း၁-၁၁။ ၃၄း၂၅။ ကော၊၁း၂၄-၂၉။
3. ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ စစ်ပွဲကို တိုက်ခိုက်ခြင်းအားဖြင့် အသင်းတော်ကို ကာကွယ်ရန် မြို့ရိုးကို တည်ဆောက်ရမည်ဖြစ်သည် - ရော၊၁၆း၂၀။
   a. ကိုယ်ခန္ဓာတော်သည် ဘုရားသခင်၏လက်နက်စုံကို ဝတ်ဆင်ကာ၊ အင်္ဂါဝင်အယောက်တိုင်းကို ကာကွယ်မှုပေးနေသည်။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ ကာကွယ်ခြင်းနှင့် လုံခြုံမှုပေးခြင်းကို ရရှိရန် ကိုယ်ခန္ဓာတော်၏ အကြံဉာဏ်တော်နှင့် ဖုံးအုပ်ပေးခြင်းကို ရှာဖွေရမည်ဖြစ်သည် - ဧ၊၆း၁၀-၂၀။ မ၊၁၆း၁၈။ တ၊၂း၄၊ ၁၁-၁၂။
   b. ဝိညာဉ်ရေးရာစစ်ပွဲသည် ဤမူအလေ့အလာ၌ဖြစ်သည် - လူတစ်ယောက်သည် လူတစ်ထောင်ကို နှင်နိုင်မည်ဖြစ်ပြီး၊ လူနှစ်ယောက်က လူတစ်သောင်းကို နှင်ထုတ်နိုင်မည်ဖြစ်သည် - တရား၊၃၂း၃၀။ ဒေ၊၄း၉-၁၂။ ထွ၊၁၇း၁၁-၁၃။
4. ကျွန်ုပ်တို့သည် မြေကြီးပေါ် ဘုရားသခင်၏ ဘုရားဇာတိ ကြွယ်ဝခြင်းများ၏ အကျိုးအမြတ်နှင့် ကိုယ်တော်ပြီးမြောက်ပြည့်စုံခြင်း၏ ရရှိအောင်မြင်ခဲ့ခြင်းများကို ကာကွယ်ရန် မြို့ရိုးကို တည်ဆောက်ရမည်ဖြစ်သည် - ညွှန်း၊ ယော၊၁း၁၂-၁၃။ ဟေရှာ၊၉း၆။ ၁ကော၊၁၅း၄၅ခ။ ၂ကော၊၃း၁၇။ ၄း၅။ ကော၊၁း၁၈။ တ၊၂း၃၆။ ၅း၃၁။ ဟေဗြဲ၊၄း၁၄။ ၉း၁၅။ ၇း၂၂။ ၈း၂။ ၁ယော၊၂း၁။ ယော၊၁၅း၂၆။ ရော၊၈း၃၄၊ ၂၆။

F. ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ရန်၊ ခရစ်တော်ကို အသက်ရှင်ထွက်ရန် လိုအပ်သည်၊ ထိုသို့ဖြင့် ခရစ်တော်ကို ကြီးမားထင်ရှားရမည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ထင်ရှားခြင်းအဖြစ် အသင်းတော်ကို တည်ဆောက်ခြင်းရှိနိုင်မည်ဖြစ်သည် - ၄၀း၃၄-၃၅။ ၁ဘုရင်၊၈း၁-၁၁။ ရော၊၁၃း၁၄၊ ၁၂။ ၁ကော၊၃း၁၆-၁၇။ ဖိ၊၁း၁၉-၂၁က။ ဗျာ၊၂၁း၃၊ ၂၂၊ ၁၀-၁၁။

1. မြို့တော်၏မြို့ရိုးနံရံသည် ဘုရားသခင်၏ထင်ရှားခြင်းအတွက်ဖြစ်သည်။ ထို့ကြောင့် “မြို့ရိုးကို တည်ဆောက်ခြင်း” (နေ၊၂း၁၇) မှာ ဘုရားသခင်၏ထင်ရှားခြင်းအဖြစ် အသင်းတော်ကို တည်ဆောက်ရန် ဖြစ်သည် (မ၊၁၆း၁၈။ ဧ၊၂း၂၀-၂၂။ ၄း၁၁-၁၆။ ၁ကော၊၃း၉-၁၇။ ဗျာ၊၄း၃။ ၂၁း၁၁၊ ၁၈-၁၉)။
2. ယနေ့ ကိုယ်တော်၏ပြန်လည်ရယူခြင်း၌ သခင်ဘုရားသည် ကိုယ်တော်၏ထင်ရှားခြင်းအဖြစ် မှန်ကန်သင့်လျော်သည့် အသင်းတော်အတွင်း၌ ခရစ်တော်၏ ပုံမှန်ဖြစ်သော အခြေအနေကို ပြန်ရယူရန် လုပ်ဆောင်နေသည် - ဧ၊၃း၁၆-၂၁။ ဗျာ၊၄း၃။ ၂၁း၁၁၊ ၁၈-၁၉။
3. ဘုရားသခင်ကို ထင်ရှားရန်အလို့ငှာ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော် တစ်ခုလုံး၏ ပေါင်းစည်းခြင်း အသက်တာ၌ ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့်အတူ ရောနှောပေါင်းစည်းသည့်အသက်တာကို အသက်ရှင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ဇာတိပင်ကိုစိတ်မှလည်းကောင်း၊ အတ္တနှစ်သက်လိုလားမှုမှလည်းကောင်း ကယ်တင်ခံရရန် လိုအပ်သည် - ရော၊၅း၁၀။ ဝတ်၊၂း၄-၅။ ၁ကော၊၁၂း၂၄-၂၅။
4. ဘုရားသခင်ကို ထင်ရှားရန်အလို့ငှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သတို့သားဖြစ်သော ခရစ်တော်ထံသို့ ကိုယ်တော်၏ စင်ကြယ်သော၊ ဘုန်းထင်ရှားသော၊ ဘုရားသခင်ကို ထင်ရှားစေသော သတို့သမီးအား ဆက်သခြင်းငှာ နှုတ်ကပတ်တော်၏ ရေ၌ ဆေးကြောခြင်းအားဖြင့် နေ့စဉ်တိုင်း သန့်ရှင်းစင်ကြယ်ခြင်းနှင့် အသစ်ပြုပြင်ခြင်း ခံရန် လိုအပ်သည် - အသယ်၊၂၄။ ဧ၊၅း၂၆-၂၇။

*© 2022 Living Stream Ministry*